သခင့်စကား
ဝိညာဉ်ရေးဂျာနယ်စောင်

ငါ့စကားကို ယခု ရေးမှတ်ပါစေသော၊ စာရင်း၌ သွင်းထားပါစေသော၊၊ ငါ့ဘက်၌ နေတော်မူသော ဘုရားသခင်ကို ငါ မြင်မည်၊၊ သူတပါး မြင်သည်သာမက ငါသည် ကိုယ်မျက်စိနှင့် ဖူးမြင်မည်၊၊ (ယောဘ ၁၉း၂၃)

အမှတ်စဉ် (၅၄) ဖေဖော်ဝါရီလ ၂၀ဝ၆ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )

# Ooops! I did it again.



( ၁ကော ၁၃း၄ – မေတ္တာသည် စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏၊၊ )

နေ့စဉ်ခွန်အား ဖတ်ပြီး ဒီကျမ်းပုဒ်လေး တွေ့လိုက်ရတော့ ရင်ထဲမှာ အေးချမ်းသွားလိုက်တာ။ တဆက်တည်း မောင့် မျက်နှာလေး ကိုလဲ မြင်ယောင်မိ လိုက်တယ်။ မောင်ကလေ ကျွန်မကို သိပ်စိတ်တိုတတ်တာဘဲတဲ့။ အားအားရှိ ထစ်ကနဲဆို ဒေါနတောင်ပေါ် တက်တော့တာဘဲတဲ့။ ကျွန်မ ကလဲ ကျွန်မ ပါဘဲလေ။ ဒေါသ ထွက်ပြီ၊ စိတ်တိုပြီ ဆိုရင်တော့ အနားမှာ လူရှိရင် ရှိ၊ မရှိရင်တော့ ခွေးတွေ ကြောင်တွေတောင် မလွတ်ဘူးမှတ်။ တွေ့တာနဲ့ကို ကောက်ပေါက် ပစ်တာ။ မွေးရာပါဘဲ ထင်ပါရဲ့။

ငယ်ငယ် ကတည်းက “ စိမ်း” ဆိုတဲ့ ကျွန်မက လိုချင်တာ ချက်ခြင်း ရ မှ၊ အဖွားကလဲ အရမ်းချစ်တော့ အရမ်း အလိုလိုက်တာပေါ့။ အဖေက ရိုက်ရင်တောင် အဖွားက အဖေ့ကို ပြန်ဆူတော့၊ အဖေနဲ့ အမေတောင် ကျွန်မကို တော်ရုံတန်ရုံ မဆူ၊ မရိုက်ရဲဘူး။ ဟွန်း – ရည်းစား ဆိုရင်တော့ ပျင်းတောင် ပျင်းသေးတယ်။ အင်း – ဒါပေမဲ့ ဒီဇာတိသဘောက အဖစာတန် ဆီက ရတဲ့ ဇာတိ အမွေဘဲဟာ။ ဒါကို ဂုဏ် မယူကောင်းပါဘူးလေ။

အို – ဒါက အရေး မကြီးပါဘူး။ ဒီနေ့ခွန်အား ရထားတာက “မေတ္တာရှိရင် စိတ်ရှည် ရမယ်၊ သည်းခံ ခွင့်လွှတ် ရမယ်တဲ့ ” မောင်နဲ့လဲ **Shopping** ထွက်ဖို့ ချိန်းထားတော့၊ အတော်ဘဲ၊ ကျွန်မ သူ့ကို ဘယ်လောက်ချစ်ကြောင်း ‘စိတ်ရှည်ခြင်း’နဲ့ သက်သေပြရမယ်။ ဟောတော့ – ၉နာရီ တောင်ခွဲ တော့မယ်။ မောင့်ဆီ ဖုန်းဆက်ပြီး နှိုးရအုံးမယ်။ ရုံးပိတ်ရက်ဆိုတော့ မောင် တော်တော်နဲ့ ထ မဲ့ပုံ မပေါ်ဘူး။ ဖုန်း ဆက် ကြည့်အုံးမှဘဲ။

တီ – တီ – တီ – “ **Please leave your message after the tone**” ဟင် – ဖုန်း ပိတ်ထားပါလား။ သူက ဘာကိစ္စများ စောစော စီးစီး ဖုန်း ပိတ်ထားရတာလဲ။ ညက ဘယ်တွေ လျှောက်သွားထားပါလိမ့်နော်။ ဟွန်း – ဒီတစ်ခါ ဆက်ကြည့်လို့မှ မကိုင်ရင် အတွေ့ဘဲ။

တီ – တီ – တီ – “ **Please leave your message after the tone**” ဟွန်း – **leave** မယ်၊ **leave** မယ်၊ မပူနဲ့။

“ဟဲလို – မောင် ၊ ဘာတွေ လုပ်နေလဲ၊ ဘယ်မှာ အိပ်နေလဲ၊ ဘာလို့ ဖုန်း မကိုင်တာလဲ၊ ဒီနေ့ **Shopping** ထွက်မဲ့ အစီအစဉ် ဖျက်လိုက်ပြီ ဒါဘဲ” ဂွပ် ၊ ဟွန်း – စောစောစီးစီး စိတ်တိုလိုက်ရတာ။

ဟောတော့ – ဒီမနက်လေးတင် ဖတ်လိုက်ရတဲ့ ကျမ်းစာက ဘာတဲ့၊ **မေတ္တာသည် စိတ်ရှည်တတ်၏** တဲ့။ ကိုယ်တော်ရယ် ခွင့်လွှတ်ပါ၊ သမီး မေ့သွားလို့ ပါ။ ကဲ စိမ်းရေ၊ စိတ်ကို လျှော့၊ စိတ်ကို လျှော့။ နို့မဟုတ်ရင် ကိုယ်ဘဲ နလုံးရောဂါ ရလိမ့်မယ်။ မထူးပါဘူးလေ၊ မောင်နဲ့ မသွားရလဲ ငါ့မှာ သူငယ်ချင်းတွေ အများကြီး ရှိတာဘဲ သူတို့နဲ့ဘဲ လျှောက်သွားတော့မယ်။

“ကလင် – ကလင် – ကလင် ” အော် – အရေးထဲ အိမ်ကို ဘယ်သူ ဖုန်းဆက်တာပါလိမ့် ၊

“ဟဲလို ” “ဟဲလို – ချစ်လေး စိမ်း ၊ မောင်ပါ၊ စောစောစီးစီး ဘာတွေ စိတ်ကောက်နေတာလဲ ၊ **Shopping** လဲ မသွားတော့ဘူးဆို”

“ဟုတ်တယ် ၊ ရှင်က ဘာကိစ္စနဲ့ ဖုန်း ပိတ်ထားရတာလဲ ၊ ကဲပါလေ အခု စိတ် မဆိုးတော့ဘူး ၊ မောင့်ကို ချစ်လို့ စိတ်ရှည်လိုက်ပြီ ”

“တကယ်ပြောတာလား ၊ ဒါ့ကြောင့် မောင့် **Baby**လေး ကို အရမ်း ချစ်ရတာ ၊ ဒီနေ့ **Shopping** ထွက်ရင် **Baby** လိုချင်တာတွေ မောင် ဝယ်ပေးမယ်နော် ၊ ရုပ်ရှင်လဲ ပြမယ်”

“မောင် – ပြောပြီး စလစ် နံပါတ် တစ် နော်၊ ခစ် ခစ် – ဒါ့ကြောင့် မောင့်ကို တအားကြီး ချစ်ရတာ ၊ ဒါဆို အိမ်ကို ဆယ်နာရီခွဲ အရောက် လာခဲ့နော် လို့”

ooooooooooooooooooooo

စနေနေ့ ရုံးပိတ်ရက်ဆိုတော့ **Shopping Center** ကလဲ လူတွေ အပြည့်ပေါ့ ။
မောင်နဲ့ အတူတူ လူတွေကို တိုးရတော့ ပျော်စရာ ကောင်းပါတယ်။

“ဟယ် – မောင်ရေ **Swatch** နာရီဆိုင်က **20% discount** ဆိုပါလား ၊ လာ လာ – ဝင်ကြည့်ရအောင် ” အိုး – နာရီလေး တွေက လှတာဘဲ ၊ ဈေးလဲ သိပ် မကြီးဘူး ဝယ်လိုက်ရင် ကောင်းမယ် ထင်တယ် ၊ မောင်ကလဲ ဒီနေ့ ငါလိုချင်တာ ဝယ်ပေးမယ်တဲ့ ၊ ဟင် – သူလဲ မိန်းမပတ် နာရီလေးတွေကို ကြည့်နေပါလား၊ ငါ့ကို ဝယ်ပေးလို့ မလား မသိဘူး ။

“**Baby**လေး ဒီနာရီလေး လှလား” လို့ မောင် က မေးတော့
“မဆိုးပါဘူး ၊ ဒါပေမဲ့ ဆယ်ကျော်သက် ကောင်မလေးတွေနဲ့ဘဲ လိုက်မဲ့ **Design** ” လို့ ပြန်ပြောတော့ –
“ ဒါဆို ကောင်းတာပေါ့ ၊ မောင်က ညီမလေး မွေးနေ့အတွက် နာရီ လက်ဆောင်ပေးဖို့ လိုက်ရှာနေတာ ၊ အတော်ဘဲ ၊ **Baby** ဘဲ မိန်းကလေး အချင်းချင်း ရွေးပေးပေတော့ ”

ကျွန်မ နားထဲကို မောင့် စကားက ထော်လော်ကန့်လန့်နဲ့ ဝင်သွားလိုက်တာ ၊ ဒေါသ ကို ချက်ချင်း ထွက်တော့တာဘဲ ။
“ဘာပြောတယ် ၊ ရှင်က – ရှင့် ညီမ အတွက် ဝယ်ပေးမလို့ – ဟုတ်လား ၊ ဒီနေ့ **Shopping** ထွက်တာ ကျွန်မ ဝယ်ချင်တာ ဝယ်ဖို့ဆိုတာ ရှင် မေ့နေပြီ လား၊ ပြီးတော့ ရှင်ဘဲ ကျွန်မ လိုချင်တာ ဝယ်ပေးမယ်ဆို ၊ ရှင့် ညီမ အတွက်ဘဲ ခေါင်းထဲမှာ ရှိတယ် ၊ ဘေးမှာ ငုတ်တုတ် ရှိနေတဲ့ ကျွန်မ ကိုတော့ မေးဖော် တောင် မရဘူး”

“ဩော် – **Baby** ဆီမှာက **Swatch** နာရီတွေ ရှိနေတာ ဘဲဟာ ၊ တခြား **Brand** ထဲက ဝယ်ပေါ့ ၊ အခုဟာက ဈေး ချတုံး ညီမလေး ရဲ့ မွေးနေ့နဲ့လဲ တိုက်ဆိုင်နေတဲ့အတွက် – –”

“တော်တော့ ၊ ရှင့် ညီမလေး ဆိုတဲ့ အသံ မကြားချင်ဘူး ၊ စိတ်တို လာပြီနော်၊ ကျွန်မ အိမ်ပြန်တော့မယ် ၊ ရှင်နဲ့ ဆက် မသွားတော့ဘူး၊ ရှင့် မျက်နှာ လဲ မမြင်ချင်ဘူး၊ ကျွန်မ နောက်လဲ ဆက်လိုက် မလာနဲ့ ”

**Swatch** နာရီဆိုင်ထဲက ကျွန်မ မပြေးရုံတမယ် လှမ်းထွက်လာခဲ့တယ်။ စိတ်ထဲကလဲ ဝါ့ပိုက်ဆံနဲ့ ကြိုက်တာဝယ်လို့ ရတယ်။ သူ့ကိုများ အလိုက် သိတတ်မလားလို့ ၊ ဟွန်း – ရင်ထဲမှာ ဒေါသလဲ ဖြစ်၊ ဝမ်းလဲ နည်းပေါ့ ၊ မျက်ရည်က မျက်ဝန်းအိမ်မှာ ပြည့်လျှံပြီး အမြင်တွေ ဝေဝါးသွားတယ်။ ဒါပေမဲ့ ချက်ချင်း ဆိုသလို တစ်စုံတစ်ရာကို သတိရလိုက်မိတော့ ၊ အိုး – ကိုယ်တော်ရယ် သမီး မှားသွားပြန်ပြီ ၊ ခွင့်လွှတ်နော် ၊ ဒီတစ်ခါ စိတ်ရှည်နိုင်အောင် သမီး ကြိုးစားပါ့မယ်။ ကိုယ်တော်လဲ သတိပေးနော် လို့ ဆုတောင်းလိုက်တော့ စိတ်ထဲ ပေါ့သွားပြီး ဒေါသလဲ ပြေသွားတယ်။ ဒါပေမဲ့ ရင်ထဲမှာ မောပြီး ကျန်ခဲ့တယ် ၊ မောင် သာ အနားမှာ ရှိရင် သိပ်ကောင်းမှာဘဲ။

"တီ – တီ – တီ " ဟယ် မောင် ဝါ့ ဖုန်း ကိုခေါ်နေပြီ။ ကိုယ်တော်ရယ် သမီး ဆန္ဒကို ဖြည့်ပေးလို့ ကျေးဇူးတင်ပါတယ်။

"ဟဲလို – မောင် ဘယ်ရောက်နေလဲ – ဘယ်မှာလဲ – မတွေ့ပါဘူး ဆိုနေ " အယ် – မောင်က ဝါ့နောက်က လိုက်လာတာဘဲ ၊ ဟွန့် – သူများကို စိတ်ပင်ပန်းအောင် လုပ်တယ်။

"**Baby** – စိမ်း စိမ်း စိတ်ကောက်လေး ၊ စိတ်ဆိုး ပြေပြီလား " မောင်က ပြုံးစစနဲ့ မေးတော့ ကျမ်းပိုဒ်လေး သတိရပြီး "မောင့်ကို ချစ်တော့ ၊ စိတ်ရှည် သည်းခံ ခွင့်လွှတ်ရတာပေါ့ " လို့ မျက်စောင်းထိုးပြီး ဖြေလိုက်တယ်။ ခုတော့လဲ ပျော်စရာကြီးပေါ့ – ခစ် ။

ooooooooooooooooooooooooooooooooo

ရုပ်ရှင်ရုံ ရောက်တော့ မောင်က "ချစ်လေး **Action** ကား ကြည့် ရအောင်ကွာ ၊ မောင်တို့ မကြည့်ရတာ ကြာပြီ " တဲ့ ။ "မောင့် သဘောပါရင် ၊ မောင့်ကို ချစ်တော့ ၊ မောင် ကြိုက်တာ လိုက်ကြိုက်ရတာပေါ့ရှင်" "မောင့် **Baby**လေးကို ဒါ့ကြောင့် အရမ်းချစ်တာ" ဆိုပြီး မောင် က ကျွန်မ ခေါင်းကို ပုတ် လိုက်ပါတယ် ၊ ပြီးတော့ တဆက်တည်း – " ဒီ **Action** ကားမှာ နာမည်ကြီး မင်းသမီး **Julia Robert** ပါတယ်လေ" လို့ ပြောလိုက်တော့ ကျွန်မ ရင်ထဲမှာ **Genting Highland** က **Roller Coaster** ကြီး ဝင်ဆောင့် လိုက်သလိုပါဘဲ – "**ဒုန်း** " အမယ်လေး ။

"သြော် သြော် ရှင်က ဒီမင်းသမီး ကြည့်ချင်လို့ကိုး **Julia Robert** ကို ကျွန်မ မကြိုက်ပါဘူးလို့ ရှင့်ကို ဘယ်နခါ ပြောရမလဲ။ ပိန်ပိန် ရှည်ရှည် ပြား ချပ်ချပ် ၊ ပါးစပ် ပြဲပြဲ နဲ့ကိုများ ခါတ်တိုင် ထမီ ပတ်ထားတဲ့ ပုံစံကို ကြည့်လို့ကို မရဘူး။ ရှင့်ဘာသာ ရှင်ဘဲ ကြည့် ၊ ကျွန်မ အိမ်ပြန်တော့မယ် " လို့ ဆောင့်ကြီး အောင့်ကြီး ပြောပြီး လှမ်းအထွက်မှာ ကိုယ်တော့်ရဲ့ စကားသံကို ကြားယောင်လိုက်ရတော့ – – –

**Ooops! I did it again my darling.**

**Sorry** ဘဲ ကိုယ်တော်ရယ်၊ သမီးတော့ ကိုယ်တော့်ရဲ့ စာမေးပွဲကို ထပ်ကျ ပြန်ပြီ။ ကိုယ်တော်ရယ် သမီး မောင့်ကို မေတ္တာစစ်နဲ့ ချစ်တာမှ ဟုတ်ရဲ့လား ၊ ရင်ထဲမှာ မေးခွန်းလေး မေးရင်းပေါ့ ။ ။

**(၁ကော ၁၃း၄ – မေတ္တာသည် စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏၊ ဒေါသ အမျက် မထွက်တတ် ၊ အပြစ်ရှိသည်ဟု မထင်တတ် ။)**

**( ချစ်ခြင်း 78 )**

---

နှုတ်ခမ်းဖျားက ချစ်ခြင်း ၊



နှလုံးသား မပါတဲ့ သနားခြင်းတွေနဲ့ –
တွက်ချက်ထားတဲ့ ပေးကမ်းခြင်းတွေက ၊
တကယ် မလိုတဲ့ နီးစပ်သူ တွေဆီ
တဝေါဝေါ စီးဆင်းနေပေါ့ ။
ကိုယ့်ကိုယ်ကိုတော့ အဟုတ်ထင်
ပေးတယ် ၊ လှူတယ် ၊ သနားတတ်တယ်
လူတွေ အမြင်မှာ
အကြင်နာ အပြည့်နဲ့ ၊ ရက်ရောတဲ့ လူကြီးလူကောင်း ပေါ့ ။

လူတွေ အမြင်တော့ ကောင်းပါရဲ့
သခင့် ရှေ့ရောက် စီရင်လိုက်တော့မှ –
နှလုံးသား မပါတဲ့
အပြင်ပန်း ပကာသနတွေက
သုညတောင် အရှုံးပေး
တန်ဖိုး "ဗလာ" တဲ့လေ ။ ။

**ကောင်းကင်**

**တန်ဖိုး**

---



**သို့မေမေ – ၁၂**

အမေ –
အသံတွေ ကြားနေရတယ် ၊
ဗုံး ပေါက်သံတွေ
တုံး ခေါက်သံတွေ
ရေကြီးသံတွေ
လှေစီးသံတွေ
ရထား တိုက်သံတွေ
တံတား စိုက်သံတွေ
သေနတ် အသံတွေ
ဓါးပြ အသံတွေ
**Bird Flu** အသံတွေ
ကြက်ရှူးအသံတွေ
ဒန်ကီ အသံတွေ
မာန်ဖီ သံတွေ
ဆူနာမီ အသံတွေ
ပူလာပြီ ဆိုတဲ့ အသံတွေ
– – – အသံတွေ
– – –အသံတွေ
အဲဒီ အသံတွေ ကြားထဲ
(၂၀၀၅ ခုနှစ်မှာ )
သား – ကျေးဇူးတော် ခံစားရင်း
အလွမ်းသံလေးနဲ့ –
**Happy New Year** ပါ မေမေ ။ ။
**SAW A. THAW**

---

# ရေးပြရအုံးမယ် – ၂

**( သာမာန်လူ )**

တီဗွီ ဖန်သားပြင် ပေါ်မှာ တွန့်လိမ်ကောက်ကွေး၊ အာပြဲလျှာပြဲ အော်ဟစ် သီဆိုပြီး ဆူညံနေတဲ့ အဆိုတော်တွေရဲ့ ပုံကို ကြည့်လိုက်မိတော့ ကျွန်တော် စိတ်ရှုပ် သွားပါတယ်။ အလုပ် နားရက်ကလေးမှာ အားရပါးရ အပန်းဖြေဖို့ စိတ်ကူးထားတာ သူတို့ကြောင့် ပိုပြီး ပင်ပန်းသွားပါတယ်။

ဒေါ့ပွပွနဲ့ ဘေးနားမှာ ရှိတဲ့ ဗီစီဒီ အခွေပုံ ထဲက ကောင်းနိုးရာရာ လေးတွေ ရွေးပြီး ဖွင့်ကြည့်တော့လဲ ထိုနည်းလည်းကောင်း ပါဘဲ။ ဟူး – သက်ပြင်းရှည် တစ်ချက် ချလိုက်ပြီး အခြား ခေတ်ပေါ် စတီရီယို သီချင်းတွေ ထက် ခရစ်ယာန် ဓမ္မတေး နားထောင်တာက စိတ်သက်သာရာ ပိုရမယ်လို့ အတွေး ဝင်လာတာကြောင့် တလောက သူငယ်ချင်းတစ်ယောက် လက်ဆောင် ပေးထားတဲ့

မြန်မာပြည်က ဓမ္မတေး ဗီစီဒီခွေကို ဒီဗီဒီစက်ထဲထဲ့ ၊ ကုတင်ပေါ် ကိုယ်ကို လှဲချ ၊ ဒူးနှံ့ပြီး ရီမုတ် ကွန်ထရိုး ခလုတ်ကို ဖွင့် လိုက်ပါတော့ တယ်။

"ဂွား – ဖဲရီး လောက်ဖီး" အလုပ်ထဲက စင်ကာပူ တရုတ်တွေ ပြောလေ့ရှိတဲ့ ဗန်းစကားက ကျွန်တော့ ပါးစပ်ထဲက အလိုလို ထွက်သွားပါ တယ်။ တောက် – တော်တော် ညံ့တာဘဲ ၊ ဒါလားက ခရစ်ယာန် ဓမ္မ သီချင်းခွေ ။

oooooooooooooo

ဒီဆောင်းပါးကို ရေးဖို့ ကျွန်တော် နှစ်နဲ့ ချီပြီး စဉ်းစားခဲ့ဘူး ပါတယ်။ ရေးသင့် မရေးသင့်ပေါ့ ။ သူများကို ထိခိုက်မှာ စိုးသလို ကိုယ့်ပေါင် ကိုယ်လှန် ထောင်းရာ ရောက်မှာကိုလဲ ကြောက်ပါတယ်။ မပြောမပြီး မတီး မမြည် ဆိုစကားလို ရေးပြမှ ရတော့မဲ့ ကိစ္စမို့ မျက်စိ စုံမှိတ်ပြီး ရေးလိုက်ပါ တယ်။ ဒီစာမူဟာ ဝေဖန်ရေး ဆောင်းပါး ဖြစ်ပါတယ်။ ပုဂ္ဂိုလ်ရေးရာ ထိုးနက်ချက် မဟုတ်ပါ။ စာရေးတဲ့ ကျွန်တော်က လူမသိ သူမသိ သာမာန်လူ ဖြစ်နေလို့ နာမည်ကြီးပြီးသား သူ တွေကို မနာလိုတဲ့စိတ်နဲ့ စော်ကားခြင်း မဟုတ်ပါ။ သာမာန်ယုံကြည်သူ တစ်ယောက်ရဲ့ ရှုထောင့်ကနေ မြင်တာလေး တွေကို ကောင်းစေချင်တဲ့ ဆန္ဒနဲ့ ရေးပြ ရခြင်း သက်သက်ပါ။

ခရစ်ယာန် ဘာသာဝင်တွေနဲ့ အခြားသော ဘာသာဝင်တွေရဲ့ ကြားမှာ ထူးခြားချက်များစွာ ရှိတဲ့အထဲက တစ်ချက်ဟာဖြင့် သီချင်း သီဆို ခြင်းပါဘဲ။ ခရစ်ယာန်တွေဟာ ဘာဘဲဖြစ်ဖြစ် သီချင်းဆိုကြတာကို အခြား သော သူတွေက သတိထားမိကြပါတယ်။ ထိမ်းမြားမင်္ဂလာ လက်ထပ်ပွဲ သာမက အသုဘ ပွဲမှာပါ သီချင်း ဆို ကြတာ ကို တွေ့ရပါတယ်။

* ခရစ်ယာန်တွေ ဘာ့ကြောင့် သီချင်းဆိုကြ တာလဲ ။



သမ္မာကျမ်းစာထဲမှာ သီချင်းဆိုခဲ့တဲ့ ရှေးယုံကြည်သူ ဘိုးဘေးတွေနဲ့ တမာန်တော် တွေကို ပထမဦးဆုံး လေ့လာကြည့်ကြပါစို့။

**၁) တွက်မြောက်ရာ ၁၅ : ၁ – ၂ ။ ထိုနေ့၌ ဣသရေလ လူတို့ကို အဲဂုတ္တု လူတို့လက်မှ ကယ် နှုတ် တော်မူသဖြင့် ပင်လယ်ကမ်းနားမှာ အဲဂုတ္တု လူတို့၌ ထာဝရဘုရား ပြုတော်မူသော အမှုကြီးကို ဣသရေလလူတို့သည် မြင်၍ ထာဝရဘုရားကို ကြောက်ရွံ့ကြ၏။ ထိုအခါ မောရှေနှင့် ဣသရေလ အမျိုးသား တို့သည် ထာဝရဘုရားအား သီချင်း ဆိုသော စကားဟူမူကား – ထာဝရ ဘုရားသည် ဘုန်းပွင့်လျှက် အောင်ပွဲခံတော်မူသည် ဖြစ်၍ ကိုယ်တော်အား သီချင်း ဆိုပါ၏။ ထာဝရဘုရားသည် ငါ၏ အစွမ်းသတ္တိ၊ ငါ သီချင်းဆိုခြင်း ငါ့ကို ကယ်တင်သောအရှင် ဖြစ်တော်မူ၏။ ထိုဘုရားသည် ငါ ကိုးကွယ်သော ဘုရားသခင် ဖြစ်တော်မူ၏ ထောမနာပြုပါမည်။**

ပင်လယ် ကမ်းနဖူးပေါ်မှာ မြူးတူးပျော်ရွှင်ပြီး ဂုဏ်တော် တေး သီချင်း ချီးမွမ်းသီဆိုနေကြတဲ့ ဒုက္ခသည် တစ်စုကို တွေ့နိုင်ပါတယ်။ သူတို့ ဟာ ထာဝရဘုရားသခင်ကို ကိုးကွယ်ယုံကြည်တဲ့ ဣသရေလ လူမျိုးတွေ ဖြစ်ပါတယ်။ ရန်သူ ဖာရောဘုရင်ရဲ့ ရန်ရှာသတ်ဖြတ်မှုအောက်ကလွတ်ခဲ့လို့ ကမ်းနဖူးမှာ ချီးမွမ်းတေး သီဆိုနေကြတာဖြစ်ပါတယ်။ အသက် အန္တရယ်က လွတ်တာလောက် ဝမ်းသာစရာ ကောင်းတာမရှိဘူးလို့ ကျွန်တော် ထင်ပါ တယ်။ စာမေးပွဲ အောင်လို့၊ ရာထူး တက်လို့၊ နိုင်ငံရပ်ခြားမှာ ဟန်နဲ့ပန်နဲ့ နေနိုင်လို့ – – စတဲ့ အကြောင်းပြချက်တွေထက် အသက်ဘေးက လွတ် မြောက်ရခြင်း ဆိုတဲ့ အရာက ဘုရားသခင်ကို ပိုပြီး ကျေးဇူးတင် ချီးမွမ်း သင့်ပါတယ်။ ထာဝရဘုရားရဲ့ နာမကို ခံယူထားတဲ့ ရှေးယုံကြည်သူတွေဟာ ဝမ်းသာအားရ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပြီး သီချင်းဆိုနေကြ တာဖြစ်ပါတယ်။

**၂) ၁ရာ ၁၆ : ၁၄ – ၂၃ ။ ဒါဝိဒ်သည် စောင်းကို ယူ၍ တီးသဖြင့် ဆိုးသော ဝိညာဉ် ထွက်သွား၍ ရှောလုသည် သက်သာလျှက် ပကတိ ကျန်းမာလျှက် ရှိလေ၏။**

နတ်ဆိုး ညှဉ်းဆဲခံရလို့ စိတ်သောက ရောက်နေတဲ့ ရှင်ဘုရင်ကြီး ရှောလု ဟာ သာယာတဲ့ သီချင်းသံ ကြားရတဲ့အခါ စိတ်နူးညံ့ ပျော့ပြောင်းပြီး လူကောင်း ပကတိ ပြန်ဖြစ်သွားတာကို တွေ့ရပါတယ်။ အဲဒီ ခေတ် အဲ ဒီအခါက အဲဒီ တိုင်းနိုင်ငံကြီးထဲက ဘုရင့် နန်းတော်ကြီးထဲမှာ နိုင်ငံထဲက ကောင်းပေ့ တော်ပေ့ ဆိုတဲ့ တူရိယာ ပညာရှင်တွေ၊ အဆိုတော်တွေ၊ ကချေသည်တွေ၊ အနုပညာရှင်တွေ အများကြီးဟာ ရှင်ဘုရင့် အပါးမှာ ခစား နေပါလျက်နဲ့ ဘုရင်ကြီး ခံစားနေရတဲ့ စိတ်ဝေဒနာပျောက်အောင် သူတို့ မစွမ်းဆောင်နိုင်ခဲ့ပါ။ ဒါပေမဲ့ ဘာ မဟုတ်တဲ့ ကျေးတောသား သိုး ကျောင်းသား လူမမယ် အနုတ်အစုတ် ဒါဝိဒ်လေးရဲ့ ဂီတ သီချင်းသံ က ဘုရင်ကြီးရဲ့ ရောဂါကို သက်သာစေခဲ့ပါတယ်။

ဘာ့ကြောင့်လဲ။ ဒီကျေးတောသား လေးဟာ သာမာန်လူပါ၊ ဒါပေမဲ့ ဘုရားကို အမြဲချီးမွမ်းနေတဲ့ သာမာန်လူ ၊ တောကြိုခြုံကြားမှာ သိုး ကျောင်းရင်းနဲ့ လူမသိ ရှင်မကြား ဘုရားဂုဏ်တော်ချီးမွမ်းတဲ့ သာမာန်လူ ပါ။ သူ့ရဲ့ နှလုံးသားထဲမှာ ပေါ်ပြူလာ ဖြစ်ချင်တဲ့စိတ် ၊ ထင်ပေါ်ကျော်ကြား ငွေ အရ များ လိုတဲ့ စိတ် တစ်စိုး တစ်စိမှ မရှိဘဲ၊ ဘုရားသခင် ကိုဘဲ သီးသန့် ချီးမွမ်းတဲ့သူ ဖြစ်ပါတယ်။ ဒီလို နှလုံးသား မှန်တဲ့အတွက် သူရေးသား စပ်ဆို တဲ့ တေးသီချင်းတွေဟာ ရှင်ဘုရင် ရှောလု ရဲ့ စိတ်နှလုံးကို နူးညံ့ပျော့ပြောင်း စေခဲ့ပါတယ်။ နတ်ဆိုးကိုပင် နှင်ထုတ်နိုင်တဲ့အထိ တန်ခိုးရှိခဲ့ပါတယ်။

**၃) တမာန်တော် ၁၆ : ၂၅ – ၂၆ ။ သန်းခေါင်အချိန် ၌ ပေါလု နှင့် သိလ တို့သည် ပဌနာပြု၍ ဘုရားသခင်ကို ချီးမွမ်းလျှက် သီချင်းဆိုလေ၏။ ထောင်ထဲမှာ နှောင်ဖွဲ့ခြင်းကို ခံရသောသူတို့သည် နားထောင်ကြ၏။ ထိုခဏချင်းတွင် မြေကြီးသည် ပြင်းစွာ လှုပ်သောကြောင့် ထောင်မြေရင်းလဲ လှုပ်ရှား၍ တံခါး ရှိသမျှတို့သည် ချက်ခြင်းပွင့်၍ လူအများတို့သည် နှောင်ဖွဲ့ခြင်းနှင့်လွတ်ကြ၏။**

အကျဉ်းထောင်ထဲက တမာန်တော် နှစ်ဦးဖြစ်တဲ့ ပေါလု နဲ့ သိလ တို့ရဲ့ သီဆိုချီးမွမ်းခြင်းဘဲ ဖြစ်ပါတယ်။ ထောင်တံခါးတွေ ပွင့်ထွက် သွားရ လောက် အောင် တန်ခိုး ရှိခဲ့ပါတယ်။ တကယ် ဒုက္ခရောက်ချိန်မှာ တကယ့် နှလုံးသားနဲ့ ချီးမွမ်းခဲ့လို့ တကယ် လွတ်မြောက်ခဲ့ကြတာကို ယုံကြည် သူ တိုင်း အထပ်ထပ် အခါခါ ကြားဖူး ပြီးသား ဖြစ်ပါတယ်။

သမ္မာကျမ်းစာထဲမှာ သီချင်း သီဆိုခြင်းနဲ့ ပါတ်သက်လို့ သာဓက ပြစရာ မြောက်များစွာရှိပေမဲ့ ဒီဥပမာ ၃ ခုနဲ့ဘဲ ကျွန်တော် တင်ပြ လိုက်ပါတယ်။ သူတို့ ဒီသီချင်းတွေကို ရေးသား စပ်ဆိုခဲ့တုံးက ယခု မျက်မှောက် ကျွန်တော်တို့ ခေတ်လို နားထောင် ကောင်းစေတဲ့ ၊ နားဝင်ပီယံ ဖြစ်စေတဲ့ **Effect , Echo , Harmony** ဘာတစ်ခုမှ မရှိခဲ့တာ သေချာပါတယ်။ ပင်လယ်ထဲမှာ ပြေးရင်းလွှားရင်း၊ သိုးခြံထဲမှာ ချွေးတလုံးလုံးနဲ့ လုပ်ရင်းကိုင်ရင်း၊ ထောင်ထဲမှာ သွေးစက်လက်နဲ့ ရုန်းရင်း ကန်ရင်း ၊ လက်တန်း စပ်ဆိုခဲ့ကြတာ ဖြစ်ဖို့ အလားအလာ အများကြီးရှိပါတယ်။ အဲဒီလို ပကာသန မပါတဲ့ ဘ၀ သမား တွေရဲ့ ဘ၀သီချင်း စစ်စစ်တွေ၊ ချီးမွမ်းခြင်းတွေက ဘုရားရဲ့ ရင်ကို မှန်သော သီချင်း၊ ဘုရားရဲ့ နားတော်နဲ့ တွေ့တဲ့ ဓမ္မသီချင်း စစ်စစ်တွေ ဖြစ်သွား ပါတယ်။

ယုံကြည်သူ အများသိပြီးသားဖြစ်တဲ့ ဓမ္မသီချင်းလေး တစ်ပုဒ်နဲ့ ဥပမာ ပြချင်ပါတယ်။


"ကောင်းပေသည်ကျူး – **It is well** " ဆိုတဲ့ ဓမ္မသီချင်းလေး ဖြစ်ပေါ်လာပုံက ဒီလိုပါ။ တစ်နေ့တော့ မိသားစု တစ်စု ပင်လယ်ခရီး ထွက်ရင်း လမ်းခုလတ်မှာ မုန်တိုင်းမိပြီး သင်္ဘောနစ်မြုပ် သွားခဲ့ပါ တယ်။ ကျေးဇူးတော်ကြောင့် ဖခင်ဖြစ်သူဟာ အသက် မသေဘဲ လွတ်မြောက်ခဲ့ပေမဲ့ သူ့ရဲ့ ချစ်လှစွာသော ဇနီးသည်နဲ့ လူမမယ် ချစ်စရာ သမီးငယ်လေး နှစ်ယောက်ဟာ တပြိုင်နက်ထဲ ရေနစ်ပြီး သေဆုံးသွားခဲ့ပါတယ်။ အသက်မသေဘဲ လွတ်မြောက်လာတဲ့ ဖခင်ဟာ သူ ရေနစ် မသေလို့ ဝမ်းသာရမဲ့ အစား၊ သူ့ရဲ့ ဇနီးနဲ့ သမီးများ သေဆုံးသွားရခြင်းအတွက် ဆောက်တည်ရာမရဘဲ၊ ဝမ်းနည်းပက်လက်နဲ့ ပူဆွေးသောက ရောက်ခဲ့ရပါ တယ်။ ယခင်က သွားအတူ လာအတူ စားအတူနဲ့ ပျော်ရွှင်ခဲ့တဲ့ မိသားစု လေးဟာ အခုတော့ ဥကွဲ အသိုက်ပျက် အထီးကျန်သွားခဲ့ရပါတယ်။

ဒါပေမဲ့ ယုံကြည်ခြင်း ခိုင်မြဲတဲ့ ဖခင်ဖြစ်သူဟာ အရာရာတိုင်း အတွက် အလိုတော်ကို ဝန်ခံရင်း ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်း

နိုင်ခဲ့ပါတယ်။ ရင်ထဲမှာ လူသားတစ်ယောက် အနေနဲ့ ရင်ကွဲနာ ကျနေခဲ့ပေမဲ့ ဝိညာဉ်ထဲမှာ ငြိမ်သက်ခြင်းကို ခံစားလိုက်ရပါတယ်။ အဲဒီနောက်မှာ သူ့ရင်ထဲက ဘဝနဲ့ နှလုံးသားနဲ့ ရင်းပြီး ကိုယ်ပိုင်သံစဉ် တေးသီချင်း တစ်ပုဒ်ထွက်ပေါ်လာပါတယ်။ အဲဒီသီချင်းလေးရဲ့ စာသားကတော့ –

**ငြိမ်သက်ခြင်း မြစ်လို ကျွန်ုပ်ကို လမ်းပြသည်**
**ဝမ်းနည်းခြင်း ပင်လယ် လှိုင်းလိမ့်လို**
**ကိုယ်တော် ကျွန်ုပ်အား သင်သော အရာများသည်**
**ကောင်းပေသည် ကောင်းပေသည် ဝိညာဉ်ဖို့ ။**
**ကောင်းပေသည် (ကောင်းပေသည်) ၊**
**ဝိညာဉ်ဖို့ ( ဝိညာဉ်ဖို့ )**
**ကောင်းပေသည် ၊ ကောင်းပေသည် ၊ ဝိညာဉ်ဖို့ ။**

ဆိုတဲ့ ဓမ္မသီချင်းစာအုပ်ထဲက သီချင်းနံပါတ် ၂၉၉ **“ကောင်းပေသည်ကျူး It is well”**သီချင်းလေးဘဲ ဖြစ်ပါတယ်။ စိတ်နှလုံး ကြေကွဲစေတဲ့ အရာဟာ သူ့အတွက် ဘုရားက သင်ကြားပေးသော သင်ခန်း စာများ ဖြစ်နေလို့ ဝိညာဉ်အတွက် ကောင်းမြတ်လှပါတယ်လို့ ချီးမွမ်း စပ်ဆိုသွားခဲ့ပါတယ်။ ဟုတ်ပါတယ်၊ ရှေးဘိုးဘေး ယုံကြည်သူတွေ စပ်ဆိုခဲ့တဲ့ သီချင်းတွေဟာ ရောင်းတန်းဝင် လူငယ်ကြိုက် ခေတ် နဲ့မှီအောင် စက်နဲ့ ထုတ်သလို ဟောတစ်ပုဒ် ဟော တစ်ပုဒ်နဲ့ နိုင်ငံခြားဖြစ် တရုတ်သီချင်း၊ အင်္ဂလိပ် သီချင်း၊ ကိုးရီးယားသီချင်း တွေကို ခိုးချပြီး ကော်ပီ လုပ်ထားတဲ့ ဓမ္မ သီချင်းတွေ မဟုတ်ခဲ့ပါဘူး။ သူတို့ ရေးစပ် သီကုံးခဲ့တဲ့ ဓမ္မသီချင်းတွေဟာ သွေးနဲ့ အသက်နဲ့ နှလုံးသားနဲ့ ရင်းခဲ့ရ တယ်ဆိုတာ ဒီနေ့ ခေတ်လူငယ် တွေကို သိစေချင်ပါတယ်။



၁၉၉၆ ခုနှစ်တုံးက ကျွန်တော် စင်ကာပူ နိုင်ငံကို အလုပ်လုပ်ဖို့ အလုပ်ကြမ်းသမား တစ်ယောက် အနေနဲ့ ရောက်လာခဲ့ပါတယ်။ တစ်ပတ်မှာ ခုနစ်ရက် နားရက် မရှိဘဲ လခ နည်း နည်းနဲ့ အဆူ အဆဲ ခံပြီး အလုပ် လုပ်ရတော့ ရင်ထဲ မှာ မိဘ ညီအစ်ကို မောင်နှမတွေအပေါ် မကျေနပ် ခြင်းတွေ၊ ဘုရားသခင် အပေါ် မှာလဲ ငြီးငြင်ခြင်းတွေ ဖြစ်ပေါ် လာခဲ့ပါတယ်။ မမျှော်လင့်တဲ့ တနင်္ဂနွေ နားရက် တစ် ရက်မှာ ဘုရားကျောင်းကို ရောက်သွားခဲ့ပါ တယ်။ ဘုရားသခင် ပြင်ဆင်ပေးလို့ ဝတ်ပြု ကိုးကွယ် ခြင်း အစီအစဉ်ထဲမှာ ပရိတ်သတ် စုပေါင်းသီဆိုဖို့ သဘာပတိ ရွေးထားတဲ့ သီချင်းဟာ “ကောင်းပေသည်ကျူး ” သီချင်း ဖြစ်နေပါတယ်။ ဒီသီချင်း ဖြစ်ပေါ်လာပုံကို သိထားတဲ့ ကျွန်တော်ဟာ ပရိတ်သတ်တွေ အတူထပြီး သီဆိုတဲ့ အခါမှာ ရာကျော်လောက် ရှိတဲ့ တခြားပရိတ်သတ်တွေ ဘယ်လို ခံစားချက်နဲ့ ဆိုကြမှန်း မသိပေမဲ့ ကျွန်တော့် နှလုံးသား ထဲမှာတော့ ခံစားချက် ကြီးစွာနဲ့ တစ်ယောက်တည်း မျက်ရည်ကျပြီး ဆိုခဲ့ရပါတယ်။ သီချင်းရေး ဆရာရဲ့ မိသားစု စိတ်သောက ဝေဒနာနဲ့ ကျွန်တော် စင်ကာပူမှာ ငွေလာရှာ လို့ရတဲ့ ဝေဒနာတွေကို နှိုင်းယှဉ်မိရင်း သီချင်းဆရာက ကိုယ့်ထက် ရောဂါ ပိုကြီးပေမဲ့ ဘုရားကို ကျေးဇူးတင်နိုင်ရင် ငါကရော ဘာမို့လို့ ဘုရားကို မချီးမွမ်းနိုင်ရမှာလဲဆိုတဲ့ အသိတရား တွေဝင်လာပြီး ဝိညာဉ်ခွန်အား ရရှိခဲ့ ပါတယ်။



အလားတူ ဖြစ်ရပ်ကို နောက်တစ်ကြိမ်မှာ ပြန်ကြုံခဲ့ဖူးပါတယ်၊ အသင်းတော်ရဲ့ နှစ်သစ်ကူး အစီအစဉ်တစ်ခုမှာပါ၊ တရားဒေသနာ မဟော ပြောခင်မှာ ပရိတ်သတ်တွေကို ဝိညာဉ်ရေးရာ နှိုးဆော်တဲ့အနေနဲ့ အသင်း တော်ရဲ့ အဆိုကျော်တစ်ယောက်ဟာ စင်မြင့်ပေါ်ကနေ ခေတ်ပေါ် ဓမ္မတေး တစ်ပုဒ်ကို ဖီလင်အပြည့်နဲ့ သီဆိုသွားပါတယ်။ သီချင်းရဲ့ စာသားက တော်တော် ကောင်းပါတယ်။ သံစဉ်က ပိုပြီးတော့ ကောင်းပါတယ်။ ဒါပေမဲ့ ပြဿနာက အဲဒီသီချင်းရဲ့ သံစဉ်ဟာ ကျွန်တော် သိထားတဲ့ တရုတ်သီချင်း ဖြစ်နေပါတယ်။ မူရင်း တရုတ်သီချင်းဟာ တဏှာဦးစားပေး ချစ်ကြိုက်ညားကွဲ အခြေခံ ထားတဲ့ နာမည်ကြီး သီချင်းဖြစ်ပါတယ်။ အဆောင်ထဲက အတူနေတဲ့ တရုတ်လူမျိုး သူငယ်ချင်းတွေ ခနခန ဖွင့်နားထောင်နေကြတာကို မမြင်ချင်၊ မကြည့်ချင်လဲ သိထားဖူးတဲ့ ကျွန်တော့်အဖို့တော့ ရေသာခို ခရစ်ယာန် သီချင်း ရေးဆရာ အလွယ်တကူ မြန်မာခရစ်ယာန် စာသားထဲ့ထားတဲ့ ဓမ္မသီချင်းကို နားထောင်ရင်း မျက်စိထဲမှာ လက်ဝါးကပ်တိုင်ကို မြင်မဲ့အစား မူရင်း တရုတ် သီချင်း ကာရာအိုကေ ထဲက မင်းသားနဲ့ မင်းသမီး ချစ်ကျီစယ်တဲ့ ဇာတ်ဝင် ခန်းတွေကိုဘဲ ပြန်မြင်နေမိပါတယ်။ ဆိုနေတဲ့ အဆိုကျော်ကလဲ ဒီသီချင်းကို ဘယ်သူက ဘယ်လို ရေးထားမှန်း သိပုံမပေါ်ဘဲ အားရပါးရ ဘုရားချီးမွမ်းတဲ့ စာသားနဲ့ ဆိုနေပါတယ်။ နောက်ဆုံး ကျွန်တော့် ရင်တွေ ပူလာပြီး နားနှစ်ဘက်ကို အားနာနာနဲ့ ပိတ်ထားလိုက်ရပါတော့တယ်။

ယနေ့ ကျွန်တော်တို့ အသင်းတော်၊ မိတ်သဟာယ အစည်းအဝေး၊ လူငယ် ဝတ်ပြုကိုးကွယ်ခြင်းတွေမှာ သီဆိုတဲ့သီချင်းတွေ၊ ရေးစပ်တဲ့ သီချင်းတွေ၊ နားထောင်တဲ့ သီချင်းတွေ၊ ထုတ်ဝေဖြန့်ဖြူး ရောင်းချတဲ့ သီချင်းတွေဟာ ဘယ်လို သီချင်းအမျိုးအစားတွေလဲဆိုတာ သေသေချာချာ သိထားဖို့ လိုပါတယ်။ တေးဂီတကို ဝါသနာထုံတဲ့ အခြားသော ဘာသာဝင် တစ်ချို့ဟာ ခရစ်ယာန် ဘာသာထဲကို တေးသီချင်းအားဖြင့် ဝင်ရောက်လာတာကို တွေ့မြင်ရပါတယ်။ ဒီလိုဝင်လာပြီး ခရစ်တော် ယေရှုကို တွေ့မြင်ပြောင်းလဲ သွားတဲ့သူတွေ ရှိသလို ခရစ်ယာန်ခေတ်ပေါ် တေးဂီတ ရေစီးကြောင်းထဲ မျောပါပြီး ဘုရားကို မတွေ့ဘဲ အမှားတွေ့ သွားတဲ့ သူတွေလဲ ရှိနေပြန်ပါတယ်။

ဒီဆောင်းပါးလေးကို ရေးရင်း ခရစ်ယာန် ဓမ္မသီချင်းလောကကို ဝေဖန်လိုက်တဲ့ ကျွန်တော့်ရဲ့ စိတ်အရင်းခံဟာ သီချင်းရေး ဆရာတွေ၊ အဆိုတော်တွေ၊ ထုတ်ဝေသူ တွေကို စော်ကားတိုက်ခိုက်တာ မဟုတ်ကြောင်း ဝန်ခံ လိုပါတယ်။ ဒီဆောင်းပါးလေးကို ဖတ်မိတဲ့ သူများလဲ ဆင်ခြင်နိုင်သလို သီချင်းကို ဝါသနာ ပါတဲ့ မဖတ်ဖြစ်တဲ့ သူငယ်ချင်းတွေရှိရင် လက်ဆင့်ကမ်း ပြောပြ၊ ဖတ်ပြကြဖို့လဲ တိုက်တွန်း လိုပါတယ်။

ယနေ့ ယုံကြည်သူအသိုင်းအဝိုင်းမှာ သီချင်းအားဖြင့် ပါဝင်နေကြတဲ့ မိဘ ညီအစ်ကို မောင်နှမ ဆရာသမားများကို ကျွန်တော် သာမာန်လူ ဆိုတဲ့ စာရေးသမား ( စာရေးဆရာ အဆင့်ကို မရောက်သေးလို့ပါ) လေးက မေတ္တာနဲ့ ဝေဖန်လိုတာကတော့ – –

၁) တေးသီချင်း ရေးစပ်သော သူတွေအနေနဲ့ ပြီးစလွယ် နာမည်ကြီးပြီးသား နိုင်ငံခြားသံစဉ်တွေကို ကော်ပီလုပ် စာသားထဲ့ပြီး ရေသာခို အချောင်လိုက်ပြီး ရေးမဲ့အစား သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ဖော်ပြတဲ့ သံစဉ် စကားလုံးများနဲ့ ရေးမယ်ဆိုရင် နားထောင်သော သူတွေ အတွက် သာ၍ ခွန်အားရစရာ ဖြစ်မယ် ဆိုတာ သေချာပါ တယ်။

၂) နားထောင် သီဆိုသူတွေအနေနဲ့ ဆိုသင့်တဲ့နေရာမှာ ဆိုသင့်တဲ့ သီချင်း ကို ဆိုရင် ဘုရား ဘုန်းတော်ကို ပိုပြီး ထင်ရှားနိုင်ပါတယ်။ (လွန်ခဲ့သော ခရစ္စမတ် ရာသီတုံးက ယုံကြည်သူတွေရဲ့ ကြားမှာ ရေပန်း စားသွားတဲ့ ခရစ္စမတ်သီချင်းလေးတစ်ပုဒ် ရှိပါတယ်။ အိမ်နဲ့ ဝေးရာကို ရောက်နေသူ တစ်ယောက်က ခရစ္စမတ်သီချင်းသံကြားရင် အမေနဲ့ အိမ်ကိုလွမ်းပြီး ပြန်ချင်စိတ် ပေါ်လာတဲ့အကြောင်း စပ်ထားတဲ့ အလွမ်း သီချင်းလေးပါ၊ ဒါပေမဲ့ ဘုရားသခင်နဲ့ ပါတ်သက်တဲ့ စကားလုံးတစ်ခုမှ မပါတဲ့ အတွက် အသင်းတော် လူရှေ့မှာ သီဆိုဖို့ မသင့်တော်ဘူးလို့ ဆရာတစ်ပါးက ထောက်ပြခဲ့ပါတယ်။ ရေးတဲ့သူက ရေးခဲ့လေတော့ တဆင့်ကြားပြီး ဆိုတဲ့ သူတွေကလဲ ဘယ်နေရာမှာ ဘာသီချင်း ဆိုရမှန်း မသိဘဲ ကိုယ် ဆိုချင်ရာ ဆိုတတ်ကြပါတယ်။)

၃) တေးသီချင်းတွေကို တာဝန်ယူ အသံသွင်း ထုတ်ဝေဖြန့်ချိတဲ့ သူတွေ အနေနဲ့လဲ ငွေရေးကြေးရေး အမြတ်အစွန်း ထက် ဝိညာဉ်ရေးရာ

အမြတ်အစွန်းကို ပိုပြီး အာရုံစိုက် လုပ်မယ်ဆိုရင် ကျွန်တော်တို့ မှီတင်းနေထိုင်တဲ့ ယုံကြည်သူ ခရစ်ယာန်လောကမှာ ကျွန်တော်တို့ ရေးသားသီဆို ထုတ်ဝေတဲ့ ဓမ္မသီချင်းများ အားဖြင့် ရှေးယုံကြည် သူတွေလို ပင်လယ်ခွဲသော သီချင်း၊ ထောင်တံခါး ဖြိုသော သီချင်း၊ နတ်ဆိုးဝိညာဉ်ဆိုးများကို နှင်ထုတ်နိုင်သော သီချင်းများ ဖြစ်လာမှာ မြေကြီးလက်ခတ် မလွဲပါဘဲ။

ယုံကြည်သူတိုင်း မိမိတို့ ဆက်ကပ်ထားတဲ့ သီချင်းတွေသာ သန့်ရှင်းသော ဝိညာဉ်တော် ဖော်ပြခြင်းနဲ့ ဆက်ကပ်ပြီး ရေးသား သီဆိုထုတ်ဝေ ကြမယ်ဆိုရင် – – ဒီဆောင်းပါးရဲ့ နိဒါန်းမှာ ရေးသားခဲ့သလို –

"ဝှား – ဗဲရီး လောက်ဖ်ီး" အလုပ်ထဲက စင်ကာပူ တရုတ်တွေ ပြောလေ့ရှိတဲ့ ဗန်းစကားက ကျွန်တော့ ပါးစပ်ထဲက အလိုလို ထွက်သွားပါတယ်။ တောက် – တော်တော် ညံ့တာဘဲ၊ ဒါလားကွ ခရစ်ယာန် ဓမ္မသီချင်းခွေ။

– ဆိုတဲ့ စကား အစား၊ "ဟာလေလုယာ ၊ ကောင်း လိုက်တာကွာ" ဆိုတဲ့ စကားလုံးတွေ ထွက်ပေါ်လာမယ်ဆိုတာ ကျွန်တော် ရဲရဲကြီး အာမခံ ပါတယ်။ ။

**( သာမာနိလူ )**

**ဆာလံ ၉၆ း ၁ – ထာဝရ ဘုရားအား အသစ်သော သီချင်းကို ဆိုကြလော့။ မြေကြီးသား အပေါင်းတို့ ထာဝရ ဘုရားအား သီချင်း ဆိုကြလော့။**

ooooooooooooooooooooooooooooooooooooooo

# ဘယ်သူ့ ကယ်မှာလဲ ( Zero )



ကျွန်တော့် နာမည် 'တန်' ပါ။ အလုပ်ကတော့ အဲယားကွန်း ပြင်ပါတယ်။ လူတိုင်းမှာ ဝါသနာ တစ်ခုစီ ရှိကြတယ်။ ကျွန်တော် ကတော့ ထူးထူးခြားခြား လေထီး ခုန်တာကို ဝါသနာပါတာပေါ့ဗျာ။ ကျွန်တော့် ကောင်မလေးလဲ ကျွန်တော်နဲ့ ဝါသနာတူပါတယ်။ ဝါသနာတူဆိုတော့ အတူသွား၊ အတူလာ ပိုပြီး အဆင်ပြေတာပေါ့ဗျာ။

လေထီး ခုန်တာတို့၊ တောင်တက် တာတို့ ကားမောင်းပြိုင်တာတို့ စတဲ့ ဝါသနာတွေက အသက်အန္တရာယ်နဲ့ အရမ်းနီးစပ်တယ်လေ။ ဒါပေမဲ့ ဝါသနာဆိုတာကလဲ လုပ်ယူလို့ရတဲ့ အရာလဲ မဟုတ်၊ ဖန်တီးလို့ ရတဲ့ အရာလဲ မဟုတ်၊ မွေးရာပါ ဗီဇသဘောအရ သွေးထဲက အလိုလို ဖြစ်နေတာမို့ ကျွန်တော်တို့ သမီးရည်းစား "နှစ်ယောက်ပေါင်း လောင်းကျော်" ဆိုတဲ့ စကားပုံလို လေထီး မခုန်ရရင် မနေနိုင်အောင် ဖြစ်ခဲ့တာပေါ့ဗျာ။ ဝါသနာ တူနေတော့ တစ်ယောက် မလုပ်ချင်ရင်တောင် နောက်တစ်ယောက်က ဆွယ်လိုက်ရင် အလိုလို ပါလာတာမို့ အားလပ်တဲ့ အချိန်တိုင်းလိုလို လေထီးခုန် ဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့ နှစ်ယောက် လေထီးခုန်ဖို့ သင်တန်းတွေ တက်၊ စာအုပ်တွေ ဖတ်၊ ပဏာမ လေ့ကျင့်ခန်းတွေ လုပ်၊ ပျော်လိုက်တာ မပြောပါနဲ့တော့ဗျာ။ သင်တန်းအောင်မြင်ပြီးလို့ ကိုယ့်ကိုယ်ကို စိတ်ချသွားတဲ့ အချိန်မှာတော့ ကျွန်တော်တို့နှစ်ယောက်ဟာ ကြေးစား လေထီးခုန်အဖွဲ့မှာ အဖွဲ့ဝင်တွေအဖြစ် ပါဝင်ခဲ့ကြပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ နှစ်ယောက် အတူတူ နိုင်ငံပေါင်းစုံမှာ လေထီးခုန်ဖြစ်တာ အကြိမ် တစ်ရာကျော် သွားခဲ့ပါပြီ။ ဒီတစ်ခေါက်တော့ ဩစတျေးလျား နိုင်ငံဘက်ကို သွားပြီး လေထီးခုန်ဖို့ စီစဉ် ထားပါတယ်။ သူရယ် ကျွန်တော်ရယ် နောက်ထပ် ဝါသနာတူ သူငယ်ချင်း ၁၂ ယောက် လိုက်ပါခဲ့ပါတယ်။ ခါတိုင်းဆို အမြင့်ပေ ၁၀၀၀၀ လောက်ကဘဲ ခုန်ချ နေကျလေ၊ ဒီတစ်ခါတော့ အဖွဲ့သားအားလုံး အမြင့်ပေ ၁၄၀၀၀ လောက်ကနေ ခုန်ချဖို့ သဘောတူ ဆုံးဖြတ်ထားကြပါတယ်။ ဒီတစ်ခေါက်မှာ အဆင်ပြေသွားရင် နောက်ပိုင်းမှာ အမြင့်ပေကို တိုးပြီး စံချိန်ချိုး ခုန်ကြဖို့ အဖွဲ့သားအားလုံး သဘောတူထားကြပါတယ်။ ပိုမြင့်လေ ခုန်ရတာ စိတ်လှုပ်ရှားဖို့ ပိုကောင်းလေလေပါဘဲ၊ ဒါမျိုး ဆိုတာကလဲ တကယ် ခုန်ဖူးတဲ့ သူတွေမှ သိနိုင်၊ နားလည်နိုင်တာမျိုးဗျ။

ဒီလိုနဲ့ ချိန်းချက်ထားတဲ့နေ့မှာ လေထီးခုန်ချမဲ့ နေရာကို ကျွန်တော်တို့ တစ်ဖွဲ့သားလုံး လေယာဉ်စီးပြီး ထွက်လာခဲ့ကြပါတယ်။ ဒီနေ့ဟာ ကျွန်တော်တို့ ချစ်သူနှစ်ယောက်အပြင် အဖွဲ့သား အားလုံးရဲ့ စံချိန်သစ်ချိုးမဲ့ နေ့ဘဲဖြစ်ပါတယ်။ အဖွဲ့သားအားလုံး ဘေးမသီ ရန်မခဘဲ မြေပြင်ပေါ်ကို ညင်ညင်သာသာ ဆင်းသက်နိုင်မယ်ဆိုရင် နိုင်ငံ့ကိုယ်စား၊ အဖွဲ့သားတွေအားလုံး ကိုယ်စား ဂုဏ်ယူနိုင်မှာဖြစ်သလို အခြားပြိုင်ဘက်အသင်းတွေ အလယ်မှာလဲ လက်မထောင်နိုင်မှာဖြစ်ပါတယ်။

လေယာဉ် အမြင့်ပေ ၁၄၀၀၀ ရောက်တဲ့အချိန်မှာ ကျွန်တော့်ရဲ့ အဖော်ဝင်တွေ တစ်ယောက်ပြီးတစ်ယောက် တိုင်ပင်ကိုက် ခုန်ဆင်းသွားကြပါတယ်။ နောက်ဆုံး လေယာဉ်ပေါ်မှာ ကျွန်တော့် ကောင်မလေးနဲ့ ကျွန်တော် နှစ်ယောက်တည်းဘဲ ကျန်ပါတော့တယ်။ ဒီတစ်ခါ ခုန်ချခါနီးမှာ အရင်တုံးကလို မဟုတ်ဘဲ တစ်မူထူးပြီး ကျွန်တော့်စိတ်တွေ လေးနေတာ ကို ခံစားမိတယ်။ ဒါပေမဲ့ ဒီအကြောင်းကို ကျွန်တော့်ရဲ့ ကောင်မလေးကို ဖွင့်မပြောခဲ့ပါဘူး။ သူ မပျော်မှာ စိုးလို့ပါ။

ရာသီဥတုနဲ့ လေတိုက်နှုန်းကလဲ ပုံမှန် အတိုင်းပါဘဲ၊ အားလုံးလဲ အစစအရာရာ ပြင်ဆင်ပြီးသလို လူဆယ်ယောက်ကလဲ ခုန်ဆင်းသွားပြီဆိုတော့ – ရင်ထဲမှာ လေးနေပေမဲ့ ကျွန်တော့်ရဲ့ ချစ်သူကို မချိပြုံးလေး ပြုံးပြပြီး ဆင်းဖို့ အချက်ပြလိုက်ပါတယ်။ သူကလဲ ကျွန်တော့်ကို အားပေးတဲ့အနေနဲ့ လက်နုနုလေးနဲ့ ကျွန်တော့် လက်ကြမ်းကြီးကို ဖျစ်ညှစ်လိုက်ပါတယ်။ စက္ကန့်အနည်းငယ် အတွင်းမှာ ကျွန်တော်နဲ့ ကျွန်တော့် ကောင်မလေးဟာ တစ်ယောက်လက်ကို တစ်ယောက် မြဲမြဲဆုပ်ကိုင်ပြီး ကောင်းကင်ပြာပြာကို နောက်ခံထားလို့ ပင်လယ်ရေ မျက်နှာပြင်ထက် အမြင့်ပေ ၁၄၀၀၀ မှာ ဘာအကူအညီမှ မပါဘဲ ဝေဟင်မှာ ပျံဝဲနေကြပါတယ်။

ဒီလိုနဲ့ အမြင့်ပေ ၉၀၀၀ လောက်ရောက်တော့ သူနဲ့ ကျွန်တော် လက်တွဲ မဖြုတ်ချင်ဘဲ ဖြုတ်လိုက်ရတယ်။ အဲ ဒီအချိန်မှာ သူနဲ့ ကျွန်တော် မျက်လုံးချင်း ဆုံမိတယ်။ ဒီနေ့မှ သူ့မျက်နှာလေးဟာ ပိုလှသလို စိတ်ထဲ ခံစားမိပေမဲ့ ခံစားဖို့ အချိန်မပေးနိုင်သလို သူ့ကို စကားတွေ အများကြီး ပြောချင်ပေမဲ့ ပြောဖို့ မဖြစ်နိုင် သေးဘူးလေ။ ကမ္ဘာ့မြေဆွဲအားရဲ့ လားရာဘက်ကို မြေပြင် အထက် အမြင့်ပေ တစ်သောင်းကျော်က ကျဆင်း နေရတာဆိုတော့ သူနဲ့ ကျွန်တော် နီးနီးလေးမှာ ရှိနေကြပေမဲ့ စကားကောင်းကောင်း မပြောနိုင်ခဲ့ပါဘူး။

ဒီလိုနဲ့ အမြင့်ပေ ၅၀၀၀ လောက်ရောက်တော့ သူနဲ့ ဝေးရာကို ကျွန်တော် ခွဲထွက်လိုက်ရတယ်။ ဒီလို ခွဲထွက်လိုက်မှ ကျွန်တော်တို့ ကျောပေါ်က လေထီးတွေ ပွင့်လာတဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် အနှောက်အယှက် မဖြစ်နိုင်တော့ဘူးပေါ့ဗျာ။ အမြင့်ပေ ၃၂၀၀ လောက်မှာ ကျွန်တော့်ရဲ့ လေထီးကို ဖွင့်နေကျ အတိုင်း ကျွန်တော် ဖွင့်လိုက်ပါတယ်။ ဒါပေမဲ့ လေထီးက ပွင့် မလာပါဘူး။ လေထီး ဖွင့်နည်းကို လေထီး စ မခုန်ခင် လွန်ခဲ့တဲ့ နှစ်အတော် များများ ကတည်းက ကျွန်တော် စာတွေ့ရော လက်တွေ့ပါ လေ့လာ သင်ကြားခဲ့ဖူးသလို မြေပြင်မှာရော ဝေဟင်မှာပါ လေ့ကျင့်ဖူးခဲ့ပါတယ်။ အစက ကျွန်တော် ရေးခဲ့တဲ့ အတိုင်း အကြိမ် တစ်ရာလောက် လေယာဉ်ပေါ်ကနေ ခုန်ချ အောင်မြင်ဖူးခဲ့ပြီးပါပြီ။ ဒါပေမဲ့ အဲဒီတုံးက အတွေ့အကြုံတွေနဲ့ မတူဘဲ ဒီနေ့မှ လေထီးက လုံးဝ မပွင့်ပါဘူး။ ကျွန်တော် အမျိုးမျိုးကြိုးစားပြီး ဖွင့်ကြည့်ပါတယ်။ အချည်းနှီးပါဘဲ။

ဟိုက် – ဒုက္ခတော့ ရောက်ပါပြီ။ အပေါ်ကို မော့ကြည့် လိုက်တော့ ကျွန်တော့် အရင် ဆင်းနှင့်တဲ့ သူငယ်ချင်းတွေ လေထီး ကိုယ်စီနဲ့ ငှက်ကလေးတွေလို ပျံဝဲနေတာ တွေ့လိုက်ရတယ်။ အောက်ကို ငုံ့ကြည့်လိုက်တော့ သစ်ပင်တွေ တောင်ကုန်းတွေ ကျောက်ဆောင်တွေဟာ ကျွန်တော့်ဆီကို အရှိန်အဟုန် ပြင်းပြင်းနဲ့ ပြေးဝင်လာတာကို တွေ့လိုက်ရတယ်။ အမြင့်ပေ ၂၅၀၀ လောက် ရောက်နေပြီ။ ကျွန်တော့် ကောင်မလေးရဲ့ လေထီး ပွင့်သွားတာကို လှမ်းမြင်လိုက်ရသလို သူလဲ တခြားသူတွေလို ဝေဟင်ထဲမှာ လေဟုန် စီးနေတာကို တွေ့လိုက်ရပါတယ်။

လေထီး ခုန်ခဲ့ဖူးတဲ့ သင်ခန်းစာအရ အမြင့်ပေ ၂၅၀၀ ဟာ အနိမ့်ဆုံး လေထီးဖွင့်ရမဲ့ အမှတ်တစ်ခု ပါဘဲ။ ဒီထက်နိမ့်တဲ့ အမြင့်ပေမှာ လေထီးဖွင့်ခဲ့ရင် မြေပြင်ပေါ်ကို ကြောင်ကျ မကျဘဲ၊ ခွေးကျ ကျဖို့ ရာခိုင်နှုန်း

များပါတယ်။ မြေပြင်ကိုရောက်ဖို့ ပေ ၂၀၀၀လောက်ဘဲ လိုတော့တယ်။ ကျွန်တော် ဘာတွေ လုပ်ရမလဲ၊ မစဉ်းစား တတ်တော့ဘူးဗျာ။ ဖြစ်နိုင်တာကတော့ လေထီးကို ကျွန်တော် ကိုယ်တိုင် ခေါက်တုံးက တစ်ခုခု မှားသွားတယ် ထင်တယ်။ တကယ်ဆိုရင် လေကြောင်းဥပဒေ အရ အရန် လေထီးကို လိုင်စင် ရတဲ့သူကဘဲ ခေါက်ခွင့် ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ လေထီးကို လိုင်စင် မရှိသေးတဲ့ ကျွန်တော် ကိုယ်တိုင် ခေါက်မိသွားတယ်။ ဒါဘဲ ဖြစ်မှာပါ။ ဒုက္ခတော့ ရောက်ပါပြီဗျာ။

ကယ်ကြပါ။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ ကျွန်တော့်ရဲ့ မိဘ၊ ညီအစ်ကို မောင်နှမတွေ – သူငယ်ချင်း မိတ်ဆွေ ရောင်းရင်းတွေ – – –

ကျွန်တော့်ရဲ့ ချစ်သူ ကောင်မလေး – –

နှုတ်ဆက် လိုက်ပါတယ်။ ကျွန်တော် မှားခဲ့တာရှိရင် ခွင့်လွှတ်ကြပါ။

အမြင့်ပေ ၅၀၀ လောက်ရောက်တဲ့ အချိန်မှာ ကျွန်တော်ဟာ လေးညှိုးက ပစ်လိုက်တဲ့မြှား တစ်စင်းထက် ပိုမြန်နေပါလား။ ကျွန်တော့် အောက်က မြေပြင် အစား ပင်လယ်ပြင်ကြီးသာ ဖြစ်လိုက်ပါတော့လားဗျာ။ ဘုရား ကယ်ပါ။ ဘုရား ဘုရား ကယ်တော်မူပါ။ **“ အား ”**

**ငါနေ၍ မပြောနိုင်ဟု ဆိုရသောကာလသည် မနီး၊ ဆိုးသော ကာလ မရောက်မှီ ယခု အသက်ပျို၍ငယ်စဉ်အခါမှင် သင့်ကို ဖန်ဆင်းတော်မူသော အရှင်ကို အောက်မေ့လော့။၊ ဒေသနာကျမ်း ၁၂ : ၁**

(မဆုံဆည်း ခဲ့လေသော ချစ်သူ နှစ်ဦးသို့ –– **Valentine's day** အ ထိမ်း အမှတ်အဖြစ် **12.01.2006** နေ့ထုတ် **The Straits Times** သတင်းစာပါ ဖြစ်ရပ်မှန် သိတင်း တစ်ပုဒ်အား ခံစား ရေးဖွဲ့ပါသည်။)

**Zero ( Blue Stars Brothers ) 15.01.2006**

oooooooooooooooooooooooooooooooooooooooooooooooo

## သတိ – အချစ် တစ်ချစ်၌ အသက် ရှိသည်

**( ဆူးရင့်စိမ်း )**



ချစ်သူများနေ့ ရောက်လာပြီဆိုပါက ပို့စ္စယ် သူများ သာမက ၊ အရွယ် လွန်များ အပါ အဝင် ၊ အိမ်ငမစွမ်း သူများ အဆုံး စိတ်လှုပ် ရှား နေကြမည် ဖြစ် သည်။ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော်လဲ မရိုးနိုင် အောင် အထူးအ ဆန်း လို ရင်ခုန်သံတွေ ဆူညံ နေကြအုံးမည် ဖြစ်သည်။ ကမ္ဘာ တဝှမ်း၌ အတော်များများ ခေတ်စားလာသော ချစ်သူများနေ့သည် ခရစ်ယာန် ရိုးရာအရ ကျင်းပ နေသော ခရစ္စမတ်ပွဲတော်နှင့် ဆင်တူရိုးမှား ဖြစ်လာသည်ကို တွေ့ရသည်။ လောကသားများ ဝမ်းမြောက်ရန် ဆင်းသက် ကြွလာသော ခရစ်တော် ယေရှုဘုရားထက် 'ဆန်တာကလော့စ်' ဟုခေါ်သော ခရစ္စမတ်ဘိုးဘိုးကြီးနှင့် လက်ဆောင်ထုတ်များက ပို၍ ရေပန်းစား လူသိများ နေခဲ့သည်။ ထိုနည်းတူစွာပင် ချစ်သူများနေ့ ဖြစ်ပေါ်လာရန် အသက်သွေး ရင်းခဲ့ရသော သာသနာပြုပုဂ္ဂိုလ်ကြီးက မြောင်းထဲ ရောက်နေပြီး စီးပွားရေးသမားများက ပန်းပန်လျက် အံဝင်ဂွင်ကျ ဖြစ်နေကြသည်။ ရောင်းလိုက်ရတဲ့ ပန်း။ အတု တွေရော ၊ အစစ်တွေရော။ ပေးမြဲထုံးစံဖြစ်သော ကဒ်နှင့် အခြားလက်ဆောင် များက လူသားတို့ ၏ နှလုံးသားကို မြူချော့ကာ ဂုဏ်မောက်၍ နေကြသည်။

မိမိ၏ အိမ်ထောင်ဘက်ထံမှ အလိုက်တသိနှင့် ချစ်သူများနေ့ အမှတ်တရ လက်ဆောင်တခုခု ရရှိပါက ဝမ်းသာ၍ ကြွားဝါမဆုံးနိုင်သူမှာ အိမ်ထောင်ရှင်မ များပင် ဖြစ်သည်။ ချစ်သူစုံတွဲလေးများကလဲ မည်သည့် အရာအား ချစ်သူက မှတ်မှတ်ရရ လက်ဆောင်အဖြစ် ပေးမလဲ ဆိုတာကို လည်တစောင်းစောင်းနှင့် စောင့်မျှော် နေကြမည်ဖြစ်သည်။ ချစ်သူ အတည်တကျ မရသေးသောသူများကလဲ မည်သူက ချစ်ခွင့် ပန်မည်နည်း။ မည်သူ့အား ချစ်ခွင့် ပန်မည်နည်း။ နှုတ်ခမ်း ကြွက်သားလေးများ လှုပ်နေပါက ချစ်စကား ပြောရမည်လော။ လက်သည်းကလေးများ ပွင့်ပါက စန်းထချိန် ရောက်လာပြီလော။ မျက်ခုံး ကြွက်သားကလေးများ လှုပ် လာပါကလဲ ရည်းစားစာ လက်ခံရမည်လော။ သို့လော ၊ သို့လော။ နိမိတ်လေးများကို ကြံကြံ ဖန်ဖန်တွေးတော ယူကြမည်မှာ အမှောပင်။

ထိုသို့သော အတွေ့အကြုံကို စာရေးသူ ကျွန်မ ကိုယ်တိုင် ရင်ဆိုင် ဖြတ်သန်းခဲ့ဖူးသည်ဟု ရိုးသားစွာ ဝန်ခံလိုပါသည်။ သို့သော်လဲ ချစ်သူများ နေ့အား မုန်းသူက မုန်း၊ ရင်နာသူ က ရင်နာ၊ အဟောင်းတွေ အသစ် ပြန်ဖြစ်သူက ဖြစ်၊ စိမ်းကား ၊ ရက်စက် ၊ ကြေကွဲ စသော ဝေဒနာ များကို ခံစားရသူများလဲ မနည်းလှပေ။

လူသားတို့ကြားတွင် အတု၊ အစစ် အချစ်များက ပျော်ရွှင်မှုများ ပေးနိုင်သကဲ့သို့ ဝမ်းနည်းကြေကွဲမှုများလဲ ပေးဖို့ရန် ဝန် မလေးပေ။ လူသားချင်း ဆက်နွယ် နေသည့် အချစ်အား စာဖတ်သူများ မည်ကဲ့သို့ ထင်မြင်ကြမည်ကို ကျွန်မ မသိပါ။ အချို့က အချစ်အား မီးကဲ့သို့ ပူလောင်သည်၊ သတိထား ရမည်၊ အန္တရာယ် ရှိသည်ဟု ထင်မြင်ချက်ပေးကြသည်။ အချစ် ကြောင့် ငိုသူ ငို ၊ ကြေကွဲသူ ကြေကွဲ ၊ မိမိကိုယ်ကိုပင် အဆုံးစီရင်ရဲသော သူများပင် ရှိလိုက်သေးသည်။

အချို့ကလဲ အချစ်သည် ချိုမြိန်၏၊ ပန်းကလေးများ ကဲ့သို့ လှပ နူးညံ့၏၊ အေးမြမှုကို ပေး၍ အင်အားတစ်ခု ဖြစ်သည်ဟု မှတ်ယူကာ ချစ်၍ မဆုံးနိုင်ကြ ပေ။ လူသားတို့၏ ခံစားချက် အသီးသီးမှ ပေါက်ဖွားလာသော အချစ်အား ရှင်းပြရန် ခက်ခဲသောကြောင့် မြန်မာ စတီရီယို သီချင်းရေးဆရာ တစ်ဦးက “ရှင်းပြ၍ မရသော ပုစ္ဆာ”ဟု စပ်ဆိုခဲ့လေသည်။ ဤ ရှင်း၍ မကုန်နိုင်အောင် ရှုပ်နေသော အချစ်များစွာထဲမှ တိကျ ရှင်းလင်း၍ အဖြေတစ်ခု တည်းသာ ပေးသော အချစ် တစ်ချစ်အား ကျွန်မ တွေ့ရှိလိုက်ရသော အချိန်တွင် စာဖတ်သူများလဲ သတိထားမိစေရန် ဤဆောင်းပါးဖြင့် ဖော်ပြ လိုက်ပါသည်။

ထို အချစ်ကား “ငါသည် သင့်ကို မစွန့် ၊ သင့်ကို အလျင်းပစ်၍ မထား” ဟု အာမခံချက် နှင့် ကတိပေးထားသော ထာဝရ ဘုရားသခင်၏ အချစ် ပေတည်း။

ထိုအချစ်၌ အသက် ရှိ၍ အသက်တည်း ဟူသော ခရစ်တော် ယေရှု ဖြင့် တည်လျက် ရှိပါသည်။

အာမခံနှင့် ဖော်ပြထားသော ကတိတော်ပါ ကျမ်းချက်များစွာ ရှိသော်လည်း အနည်းငယ်အားဖြင့် ဆင်ခြင်နိုင်ရန် ဖော်ပြလိုက်ပါသည်။ စိတ်ဝင်စားပါက မပျင်းပါနှင့်။ သမ္မာကျမ်းစာအား ဖွင့်၍ ဖတ်ရှုနိုင်ပါသည်။

**သုတ္တံ ၃း၁၁–၁၂ ၊ ဟေဗြဲ ၁၂း၅–၁၁ ၊ ရောမ ၅း၈ ၊ ရောမ ၈ : ၃၈–၃၉ ။––**

နှင့် အခြားသော ကျမ်းပိုဒ်များတွင် တွေ့ရှိနိုင်ပါသည်။ ထိုအသက်ရှင်၍ သင်နှင့် ကျွန်မ အား ကရုဏာစိုက်လွန်းသော အချစ်ကို လက်တွေ့ ဖော်ပြရမည် ဆိုလျှင်လဲ စာဖတ်သူနှင့် ကျွန်မတို့ အမှတ်တမဲ့ဖြစ်ဖြစ်၊ အမှတ်တရဖြစ်ဖြစ်၊ ဖြစ်ချင်ရာဖြစ် ရှုပ်ပါသည်ဟု ဆိုချင်ရာဆို၊ ပို၍ လှချင်သေး၍ဟု ပြောချင်ရာ ပြော၊ ဆံသဆိုင်သို့ သွား၍ ညှပ်ကြ၊ ကောက်ကြ ဖြောင့်ကြ၊ ဆေးဆိုးကြ၊ ခုတ်ကြ၊ ထစ်ကြနှင့် ပုံဖော်နေသော ဦးခေါင်းထက်မှ ဆံပင်များကိုပင် ရေတွက်လျက် အသေးစိတ် ကရုဏာစိုက်လွန်းသော ဘုရားသခင် ၏ အဂ္ဂါပေ ချစ်ခြင်းမေတ္တာ ပင်ဖြစ်သည်။ ထိုအချစ်အား ယှဉ်ရဲသော အချစ် ဤ ကမ္ဘာ ပေါ်တွင် ရှိပါအုံးမည်လား။

ချစ်သော စာဖတ်သူများ ၂၀၀၆ ခုနှစ် ၌ ကျရောက်မည့် ချစ်သူများနေ့သော်လည်းကောင်း ၊ နောင် လာအုံးမည့် ချစ်သူများနေ့သော် လည်းကောင်း၊ အမြဲ တမ်း ကြုံတွေ့နေရအုံးမည့် အချစ်များနေ့ သော်လည်းကောင်း အဆင်ပြေ၍ ပျော်ရွှင်စွာ ဆင်နွဲနေရသူ ဖြစ်နေပါစေ။ (သို့) ငိုယို၍ နာကျည်း တမ်းတ ကြေကွဲ နေရသူ ဖြစ်နေပါစေ။ အားလုံးမေ့၍ ထားမည်ကို စိုးရိမ်သော အချစ် တစ်ချစ်အား မြင်ယောင် တန်ဖိုး ထားနိုင်ရန် ဤ သခင့်စကား စာစောင် လေးအားဖြင့် ကျွန်မ ကျယ်ကျယ်လှမ်း၍ ပြောချင်သည့် စကားလေး တစ်ခွန်းကတော့ **“ သတိ – အချစ် တစ်ချစ်၌ အသက် ရှိ၏ ”** ဟူ၍ပင် ဖြစ်ပါတော့သည်။ ။

ခရစ်တော်၏ မေတ္တာဖြင့် – – **ဆူးရင့်စိမ်း** ( ဓေတ္တ – ကမ္ဘာမြေ )